စကားပြောကြေးနန်း
ပါမောက္ခချုပ် - ၆၉၂၄၇၀
မော်ကွန်းထိန်း - ၉၆၉၉၈၇၇
လက်ထောက်မော်ကွန်းထိန်း - ၉၆၉၀၄၈၅
Fax - ၉၆၉၀၄၈၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
**ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်**
UNIVERSITY OF PHARMACY, YANGON
REPUBLIC OF THE UNION OF MYANMAR

စာအမှတ်– ၁၁၀၀/ဆ၀(သ)ဘွဲ့လွန်/၂၀၁၉။
ရက်စွဲ– ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ၊ (၉)ရက်။

## ၂၀၂၀ခုနှစ် ပညာသင်နှစ်
## ဆေးဝါးမဟာသိပ္ပံဘွဲ့(M.Pharm) သင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၀ခုနှစ် ပညာသင်နှစ်အတွက် ဆေးဝါးတက္ကသိုလ်၊ရန်ကုန်၌ ဖွင့်လှစ်ပို့ချမည့် အောက်ဖော်ပြပါ ဆေးဝါးမဟာသိပ္ပံ (M.Pharm.) ဘွဲ့သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဆေးဝါးမဟာသိပ္ပံဘွဲ့** (M.Pharm.) **သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| က။ | ဆေးဝါးမဟာသိပ္ပံဘွဲ့ (ဆေးဝါးဘက်ဆိုင်ရာဓါတုဗေဒ)<br>M.Pharm. (Pharmaceutical Chemistry) | (၂) နှစ် |
| ခ။ | ဆေးဝါးမဟာသိပ္ပံဘွဲ့ (ဆေးဝါးဖော်စပ်ရေးဗေဒ)<br>M.Pharm. (Pharmaceutics) | (၂) နှစ် |
| ဂ။ | ဆေးဝါးမဟာသိပ္ပံဘွဲ့ (ပရဆေးဗေဒ)<br>M.Pharm. (Pharmacognosy) | (၂) နှစ် |
| ဃ။ | ဆေးဝါးမဟာသိပ္ပံဘွဲ့ (ဆေးလက်တွေ့ဆေးဝါးသိပ္ပံ)<br>M.Pharm. (Clinical Pharmacy) | (၃) နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ဆေးဝါးသိပ္ပံဘွဲ့ (B.Pharm.) ရရှိထားသူဖြစ်ရမည်။

(ဂ) လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ လုပ်သက် (၁)နှစ် ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်း ဖြစ်ရမည်။

(ဃ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(င) ဆေးဝါးမဟာသိပ္ပံဘွဲ့ရရှိပြီးပါက အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန် ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(စ) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူ ဖြစ်ရမည်။

**၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံမှန်ကန်စွာ ဖော်ပြပါရှိရမည်–**

(က) အမည်၊နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လက်ရှိရာထူး/ဌာန၊ အမြဲတမ်းလိပ်စာနှင့်ဖုန်းနံပါတ်၊ ဆက်သွယ်ရန် လိပ်စာနှင့်ဖုန်းနံပါတ်၊

(ခ) အဘအမည်၊

(ဂ) အစိုးရဝန်ထမ်းအဖြစ်စတင်ထမ်းဆောင်သည့် နေ့ရက်/လ/ခုနှစ်နှင့် အမှုထမ်းသက်၊

(ဃ) အသက်နှင့်မွေးသက္ကရာဇ်၊ (အသက်ထောက်ခံစာတင်ပြရမည်။)

(င) ပညာအရည်အချင်း၊

(စ) တက်ရောက်လိုသည့်သင်တန်း၊(အတိအကျဖော်ပြရန်)

(ဆ) အမှုထမ်းသက် မှတ်တမ်းအပြည့်အစုံ၊ (ခက်ခဲဒေသတွင် တာဝန်ထမ်းဆောင်ခဲ့ပါက၊ ဌာနဆိုင်ရာထောက်ခံစာနှင့်အတူ တစ်ပါတည်းတင်ပြရမည်။)

(ဇ) ယခင်ပြည်တွင်းဘွဲ့လွန်သင်တန်းတစ်ခုခု တက်ရောက်ရန် ရွေးချယ်ခံရဖူးခြင်းရှိ/မရှိ ၊

(ဈ) ပြည်တွင်းဘွဲ့လွန်သင်တန်းတစ်ခုခု တက်ရောက်ခဲ့ဖူးပါက တက်ရောက်ခဲ့သည့် ရက်၊လ၊ခုနှစ် သင်တန်း၊ဘာသာရပ်နှင့် ဘွဲ့ရခဲ့ခြင်း ရှိ/မရှိ၊

(ည) ပြည်တွင်း/ ပြည်ပသင်တန်းတစ်ခုခုသို့ တက်ရောက်ခွင့်လျှောက်ထားခြင်း (သို့မဟုတ်) ဝင်ခွင့်စာမေးပွဲ ဖြေဆိုထားခြင်းရှိ/မရှိ။

**၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်–**

(က) လျှောက်လွှာတွင်ဖော်ပြထားရှိသည့် အချက်အလက်များသည် မှန်ကန်မှုရှိပါကြောင်း ကိုယ်တိုင်လက်မှတ်ရေးထိုးထားသောခံဝန်ချက်၊

(ခ) ဆေးဝါးသိပ္ပံဘွဲ့လက်မှတ်မိတ္တူ၊

(ဂ) ဆေးဝါးသိပ္ပံသင်တန်း အမှတ်စာရင်း (Grading Certificate) မိတ္တူ၊

(ဃ) ဓါတ်ပုံ(၃)ပုံ(လိုင်စင်ဓါတ်ပုံ) (လွန်ခဲ့သော ၆လအတွင်း ရိုက်ကူးသည့်ပုံဖြစ်ရမည်။)

(င) အသက်ထောက်ခံစာ(သို့မဟုတ်)တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊

(စ) ဆေးဝါးတက္ကသိုလ်၊ရန်ကုန်၏ မြောက်ဥက္ကလာပမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင်ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ်( MD–010318 )သို့ ဆေးဝါးမဟာသိပ္ပံသင်တန်း ဝင်ခွင့်စာမေးပွဲကြေး ၁၀၀၀၀/– (ကျပ်တစ်သောင်းတိတိ)ကို ပေးသွင်းထားသည့် ချလံမူရင်း(၁)စောင် ။

(**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတဆင့် မြောက်ဥက္ကလာပမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသော ဆေးဝါးတက္ကသိုလ်၊ရန်ကုန်၏ငွေစာရင်းအမှတ် (MD–010318) သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး မှတစ်ဆင့် လျှောက်ထားရမည် ဖြစ်ပြီးနိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက် ပါရှိရမည်။ **သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝ ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။**

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလံမူရင်းနှင့် တကွ ပါမောက္ခချုပ်၊ ဆေးဝါးတက္ကသိုလ်၊ရန်ကုန် သို့ မပျက်မကွက် ပေးပို့လျှောက်ထားရမည်။

၇။ လျှောက်လွှာများကိုဆေးဝါးတက္ကသိုလ်၊ရန်ကုန်သို့**(၂၃.၈.၂၀၁၉)ရက်(သောကြာနေ့)**နောက်ဆုံး ထား၍ပေးပို့ ရမည်။ မပြည့်စုံသည့် လျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက် နောက်ကျရောက်ရှိ သော လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၈။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို **(၁၆.၉.၂၀၁၉) ရက် (တနင်္လာနေ့)**မှစ၍ ဆေးဝါးတက္ကသိုလ်၊ ရန်ကုန် ကျောင်းသားရေးရာဌာန၌ ထုတ်ပေးမည်။

၉။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို **(၂၇.၉.၂၀၁၉)ရက် (သောကြာနေ့)**တွင် ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်၌ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်။

| **စဉ်** | **ဘာသာရပ်** | **စစ်ဆေးမည့်အချိန်** | **မေးခွန်းပုံစံ** |
|---|---|---|---|
| (က) | အင်္ဂလိပ်စာ | (၀၉:၀၀) နာရီမှ (၁၁:၀၀) နာရီထိ | |
| (ခ) | ကျွမ်းကျင်ဘာသာရပ် | (၁၃:၀၀) နာရီမှ (၁၅:၀၀) နာရီထိ | M.C.Q |

၁၀။ လူတွေ့နှုတ်ဖြေစစ်ဆေးမည့်ရက်ကို လူတွေ့နှုတ်ဖြေ၊ ဖြေဆိုခွင့်ရရှိသူစာရင်း ထုတ်ပြန်ကြေညာသည့် အချိန်တွင် ဖော်ပြပါမည်။

၁၁။ သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် ဘွဲ့လွန်သင်တန်း စည်းမျဉ်း စည်းကမ်းများကို လိုက်နာ မည် ဖြစ်ကြောင်းနှင့် ဘွဲ့လွန်သင်တန်းအောင်မြင်ပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် မိမိတာဝန်ကျရာ မည်သည့်ဒေသတွင်မဆို ဆက်လက်တာဝန်ထမ်းဆောင်မည် ဖြစ်ကြောင်း၊ ကတိခံဝန်ချုပ် ချုပ်ဆိုရမည် ဖြစ်သည်။

၁၂။ **သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီးမှသင်တန်းတက်ရောက်ရန်ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။**

၁၃။ **သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး၊ တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက် လျှင် ဖြစ်စေ၊ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊မပြုသည်ဖြစ်စေ)၊ သင်တန်းကိုပြီးဆုံးအောင် မတက်ရောက် လျှင် ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်း ဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသောလျော်ကြေးငွေကို ပေးလျော်ရမည်။**

၁၄။ သင်တန်းအလိုက် တက်ရောက်ခွင့်ပြုမည့် လျာထားဦးရေ သတ်မှတ်ချက်ကို ဤတက္ကသိုလ်၏ Website မှတစ်ဆင့်ကြေညာပါမည်။**လျာထားဦးရေ မည်မျှရှိစေကာမူ သတ်မှတ်အရည်အချင်း ရမှတ်မပြည့်မီ ပါက ရွေးချယ်ခြင်းမပြုပါ။**

၁၅။ အသေးစိတ်အချက်အလက်များကို ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်၏ Website: www.uopygn.gov.mm နှင့် www.uopygn.edu.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်) ဆေးဝါးတက္ကသိုလ်၊ ရန်ကုန် ၏ ဖုန်းနံပါတ် (၀၁–၉၆၉၉၈၇၇၊၀၁–၉၆၉၀၄၈၅) သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။



(ပါမောက္ခဒေါက်တာရီရီတင်)

ပါမောက္ခချုပ်

ဆေးဝါးတက္ကသိုလ်၊ရန်ကုန်

စကားပြောကြေးနန်း
ပါမောက္ခချုပ် - ၆၉၂၄၇၀
မော်ကွန်းထိန်း - ၉၆၉၉၈၇၇
လက်ထောက်မော်ကွန်းထိန်း - ၉၆၉၀၄၈၅
Fax - ၉၆၉၀၄၈၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

**ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်**

UNIVERSITY OF PHARMACY, YANGON

REPUBLIC OF THE UNION OF MYANMAR

စာအမှတ်-၁၀၉၉/ဆ၀(သ)ဘွဲ့လွန်/၂၀၁၉။

ရက်စွဲ- ၂၀၁၉ခုနှစ်၊ ဇူလိုင်လ၊ (၉)ရက်။

## ၂၀၂၀ခုနှစ် ပညာသင်နှစ်

## ဆေးဝါးသိပ္ပံပါရဂူဘွဲ့ (Ph.D.) သင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၀ခုနှစ် ပညာသင်နှစ်အတွက် ဆေးဝါးတက္ကသိုလ်၊ရန်ကုန်၌ ဖွင့်လှစ်ပို့ချမည့် အောက်ဖော်ပြပါ ဆေးဝါးသိပ္ပံပါရဂူဘွဲ့ (Ph.D.)သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူနိုင်ငံ့ဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဆေးဝါးသိပ္ပံပါရဂူဘွဲ့ (Ph.D.) သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| က။ | ဆေးဝါးသိပ္ပံပါရဂူဘွဲ့ (ပရဆေးဗေဒ)<br>Ph.D. (Pharmacognosy) | (၃) နှစ် |
| ခ။ | ဆေးဝါးသိပ္ပံပါရဂူဘွဲ့ (ဆေးဝါးဘက်ဆိုင်ရာဓါတုဗေဒ)<br>Ph.D. (Pharmaceutical Chemistry) | (၃) နှစ် |
| ဂ။ | ဆေးဝါးသိပ္ပံပါရဂူဘွဲ့ (ဆေးဝါးဖော်စပ်ရေးဗေဒ)<br>Ph.D. (Pharmaceutics) | (၃) နှစ် |
| ဃ။ | ဆေးဝါးသိပ္ပံပါရဂူဘွဲ့ (ဆေးလက်တွေ့ဆေးဝါးသိပ္ပံ)<br>Ph.D. (Clinical Pharmacy) | (၃) နှစ် |

၂။ **လိုအပ်သောအရည်အချင်းများ**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ဆေးဝါးမဟာသိပ္ပံဘွဲ့ (M.Pharm.) ရရှိထားသူဖြစ်ရမည်။

(ဂ) လျှောက်လွှာပိတ်သည့်ရက်တွင် ဆေးဝါးမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ လုပ်သက် (၂)နှစ်ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(ဃ) ပြည်ပ၌ မိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီး ဆေးဝါးသိပ္ပံပါရဂူသင်တန်းသို့ လျှောက်ထားလိုပါက လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်း

စတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်းလုပ်သက်(၄)နှစ်ရှိသူ ဖြစ်ရမည်။

(င) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(စ) ပါရဂူဘွဲ့ရရှိပြီးပါက အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

**၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံမှန်ကန်စွာ ဖော်ပြပါရှိရမည်-**

(က) အမည်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊လက်ရှိရာထူး/ဌာန၊အမြဲတမ်းလိပ်စာနှင့်ဖုန်းနံပါတ်၊ ဆက်သွယ်ရန်လိပ်စာနှင့်ဖုန်းနံပါတ်၊

(ခ) အဘအမည်၊

(ဂ) အစိုးရဝန်ထမ်းအဖြစ်စတင်ထမ်းဆောင်သည့် နေ့ရက်/လ/ခုနှစ်နှင့် အမှုထမ်းသက်၊

(ဃ) အသက်နှင့်မွေးသက္ကရာဇ်၊(အသက်ထောက်ခံစာတင်ပြရမည်။)

(င) ပညာအရည်အချင်း၊

(စ) တက်ရောက်လိုသည့်သင်တန်း၊**(အတိအကျဖော်ပြရန်)**

(ဆ) အမှုထမ်းသက်မှတ်တမ်းအပြည့်အစုံ၊

(ဇ) ပြည်တွင်း/ပြည်ပသင်တန်းတစ်ခုခုသို့ တက်ရောက်ခွင့်လျှောက်ထားခြင်း(သို့မဟုတ်) ဝင်ခွင့်စာမေးပွဲ ဖြေဆိုထားခြင်း ရှိ/မရှိ၊

**၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-**

(က) လျှောက်လွှာတွင်ဖော်ပြထားရှိသည့် အချက်အလက်များသည် မှန်ကန်မှုရှိပါကြောင်း ကိုယ်တိုင်လက်မှတ်ရေးထိုးထားသောခံဝန်ချက်၊

(ခ) ဘွဲ့လက်မှတ်မိတ္တူများ၊

(ဂ) ဆေးဝါးသိပ္ပံသင်တန်းနှင့်ဆေးဝါးမဟာသိပ္ပံသင်တန်းအမှတ်စာရင်း (Grading Certificate) မိတ္တူများ

(ဃ) ဓါတ်ပုံ(၃)ပုံ(လိုင်စင်ဓါတ်ပုံ) (လွန်ခဲ့သော ၆လအတွင်း ရိုက်ကူးသည့်ပုံ ဖြစ်ရမည်။)

(င) အသက်ထောက်ခံစာ(သို့မဟုတ်)တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊

(စ) ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်၏ မြောက်ဥက္ကလာပမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင်ဖွင့်လှစ်ထားသောငွေစာရင်းအမှတ် (MD-010318) သို့ ဆေးဝါးသိပ္ပံပါရဂူဘွဲ့သင်တန်းဝင်ခွင့်စာမေးပွဲကြေး ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကိုပေးသွင်းထားသည့် ချလံမူရင်း (၁)စောင်။ (**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ဘဏ်ခွဲများမှတစ်ဆင့်မြောက်ဥက္ကလာပမြို့နယ်၊မြန်မာ့စီးပွားရေးဘဏ်ရှိဆေးဝါးတက္ကသိုလ်၊ရန်ကုန်၏ငွေစာရင်းအမှတ် (MD-010318) သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးမှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ ထောက်ခံ

ချက် ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝ ထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလံမူရင်းနှင့်တကွ ပါမောက္ခချုပ်၊ ဆေးဝါးတက္ကသိုလ်၊ရန်ကုန် ထံ လိပ်မူ၍ မပျက်မကွက်ပေးပို့ရမည်။

၇။ လျှောက်လွှာများကို ဆေးဝါးတက္ကသိုလ်၊ရန်ကုန်သို့ **(၂၃.၈.၂၀၁၉) ရက် (သောကြာနေ့)** နောက်ဆုံး ထား၍ပေးပို့ရမည်။ မပြည့်စုံသည့်လျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက် နောက်ကျ ရောက်ရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၈။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို **(၁၆.၉.၂၀၁၉) ရက် (တနင်္လာနေ့)** မှစ၍ ဆေးဝါးတက္ကသိုလ်၊ ရန်ကုန် ကျောင်းသားရေးရာဌာန၌ ထုတ်ပေးမည်။

၉။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို **(၂၆.၉.၂၀၁၉)ရက်(ကြာသပတေးနေ့)**တွင် ဆေးဝါးတက္ကသိုလ်၊ရန်ကုန်၌ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်။

| **စဉ်** | **ဘာသာရပ်** | **စစ်ဆေးမည့်အချိန်** | **မေးခွန်းပုံစံ** |
|---|---|---|---|
| (က) | အင်္ဂလိပ်စာ | (၀၉:၀၀) နာရီမှ (၁၁:၀၀) နာရီထိ | |
| (ခ) | ကျွမ်းကျင်ဘာသာရပ် | (၁၃:၀၀) နာရီမှ (၁၆:၀၀) နာရီထိ | Essay Type |

၁၀။ လူတွေ့နှုတ်ဖြေ စစ်ဆေးမည့်ရက်ကို လူတွေ့နှုတ်ဖြေ၊ ဖြေဆိုခွင့်ရရှိသူစာရင်း ထုတ်ပြန်ကြေညာ သည့်အခါတွင် ဖော်ပြပါမည်။

၁၁။ သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် ဘွဲ့လွန်သင်တန်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာ မည် ဖြစ်ကြောင်းနှင့် ဘွဲ့လွန်သင်တန်းအောင်မြင်ပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် မိမိတာဝန်ကျရာ မည်သည့်ဒေသတွင်မဆို ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း၊ ကတိခံဝန်ချုပ် ချုပ်ဆို ရမည်ဖြစ်သည်။

၁၂။ **သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီးမှသင်တန်းတက်ရောက်ရန်ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။**

၁၃။ **သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီး၊ တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက် ရောက်လျှင်ဖြစ်စေ၊ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)၊ သင်တန်းကိုပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့် ကာလအတိုင်း နိုင်ငံ့ တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသောလျော်ကြေးငွေကို ပေးလျော်ရမည်။**

၁၄။ သင်တန်းအလိုက် တက်ရောက်ခွင့်ပြုမည့် လျာထားဦးရေသတ်မှတ်ချက်ကို ဤတက္ကသိုလ်၏ Website မှ တစ်ဆင့် ကြေညာပါမည်။ **လျာထားဦးရေ မည်မျှရှိစေကာမူ သတ်မှတ်အရည်အချင်း ရမှတ်မပြည့်မီပါက ရွေးချယ်ခြင်းမပြုပါ။**

၁၅။ အသေးစိတ်အချက်အလက်များကို ဆေးဝါးတက္ကသိုလ်၊ရန်ကုန်၏ Website: www.uopygn.gov.mm နှင့် www.uopygn.edu.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်) ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်၏ ဖုန်းနံပါတ်( ၀၁-၉၆၉၉၈၇၇၊ ၀၁-၉၆၉၀၄၈၅)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(ပါမောက္ခဒေါက်တာရီရီတင်)

ပါမောက္ခချုပ်

ဆေးဝါးတက္ကသိုလ်၊ရန်ကုန်